# ပျဉ်းမနားသို့ မြို့တော်ရွှေ့ပြောင်းမှု ယခုထိ ပဟေဠိ ဖြစ်လျက်ရှိဆဲ

**Asahi Shimbun, Japan**
**December 28, 2005**

အစိုးရရုံးစိုက်ရာ မြို့အား တောတောင်ထူထပ်သည့် ချောင်ကျရာ အရပ်သို့ ရွှေ့ပြောင်းရန် ဆုံးဖြတ်ချက်ကြောင့် အစိုးရဝန်ထမ်းများ နှင့် ကမ္ဘာအား ကြက်သေသေသွားစေခဲ့ပြီးဖြစ်သည်။

အစိုးရအရာရှိ အများစုမှာ စစ်အစိုးရ၏ ဆုံးဖြတ်ချက်ကို ထုတ်ဖေါ်ဝေဖန်ရမည်ကို ကြောက်ရွံ့ကြသော်လည်း ယခုကိစ္စ၌မူ ၄င်းတို့၏ ဝေဖန်မှုများကို လူသိရှင်ကြားထုတ်ဖေါ်ပြောဆိုမှုများ ရှိလာခဲ့သည်ကို တွေ့ရသည်။ အချို့မှာ နိုင်ငံခြားသံအရာရှိများနှင့် အစိုးရနှင့် မသက်ဆိုင်သော ပြည်ပအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအား ၄င်းတို့အခေါ် မယုံကြည်နိုင်လောက်အောင် ဖြစ်ခဲ့ရသည့် ယင်းနေရာရွှေ့ပြောင်းမှုအား ဘယ်အတွက်ကြောင့် ပြုလုပ်ရသည်ကို ပြင်ပမှ သတင်းများမှ မည်ကဲ့သို့ ပြောနေကြသည်ကို သိရရန် မေးမြန်းခဲ့ကြသည်ဟု သိရသည်။

အထက်ပိုင်း အရာရှိကြီးများမှ အောက်ခြေစာရေးဝန်ထမ်းအထိ အစိုးရအဖွဲ့တခုလုံး ပျဉ်းမနားမြို့တော်သစ်သို့ ရွှေ့ပြောင်းနေရပြီဖြစ်သည်။

ပျဉ်းမနားသည် လူဦးရေ ၃ သောင်းသာရှိပြီး ကြံနှင့် ဝါးများအဓိက ထွက်ရှိသည့် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် မြို့တမြို့ဖြစ်သည်။ ငှက်ဖျားရောဂါ ဖြစ်ပွားရာအရပ်ဖြစ်သည့်အပြင် အဆိပ်ပြင်းသော မြွေဆိုးများ ပေါများသည့် မဖွံ့ဖြိုးသေးသောအရပ်ဖြစ်သောကြောင့် ထိုကဲ့သို့နေရာမျိုးအား မည်သည့်အတွက်ကြောင့် ရွေးချယ်ခဲ့သည်ကို မည်သူမျှနားမလည်နိုင်အောင် ဖြစ်လျက်ရှိသည်။

ပြည်ထဲရေးဝန်ကြီးဌာနမှ အရာရှိတဦးမှာ ၄င်း၏ဌာနမှူးဖြစ်သူနှင့်အတူ ပျဉ်းမနားသို့အတူရွှေ့ပြောင်းခဲ့ရာ၊ ၄င်းတို့အတွက် နေရန် အိမ်ခန်းများဆောက်လုပ်ဆဲဖြစ်သဖြင့် ရုံးထဲတွင် အိပ်ကြရပြီ'၊ ၃ ရက်အကြာတွင် ရုံးသစ်တွင် လုပ်၍မရသော ရုံးလုပ်ငန်းများ လုပ်စရာရှိသဖြင့် ရန်ကုန်သို့ ပြန်လာရသည်ဟု ပြောပြသည်။

"ကျွန်တော်အနေနဲ့ ရန်ကုန်ကို ပြန်လာခွင့်ရတာ ကံကောင်းတယ်၊ အဲ့သည်မှာဘာမှမရှိတဲ့အတွက် ဘယ်သူမှ မသွားချင်ကြဘူး" ဟု အသက် ၅၀ အရွယ်ရှိ အဆိုပါ အရာရှိမှ ဆိုသည်။

ထိုကဲ့သို့ မြန်မာအစိုးရအရာရှိများအကြား ဇဝေဇဝါဖြစ်နေကြသည်ကို ကြည့်၍ နိုင်ငံခြားသံတမာန်တဦးမှ "ကျွန်တော် ဒီလိုနိုင်ငံမျိုးမှာ လူလာမဖြစ်ရတာ ကံကောင်းတယ်" ဟု ဆိုလေသည်။

ဒီဇင်ဘာ ၉ ရက်နေ့က မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနမှ နိုင်ငံခြားသံတမာန်များကို ခေါ်ယူတွေ့ဆုံပြီး သံရုံးများအတွက် မြေနေရာများ ဖယ်ထားပြီး ၂၀၀၇ ခုနှစ်အကုန်တွင် အပြီးဆောက်လုပ်ကြရန် ပြောခဲ့သည်ဟု သိရသည်။

အစီအစဉ်များမှာ ရေရာသေချာမှုမရှိသေးသဖြင့် မည်သည့်သံရုံးကမှ အဆောတလျင် ပြုလုပ်ကြဘွယ်မရှိပေ၊ ရန်ကုန်တွင် အခြေစိုက်သည့် နိုင်ငံခြားကုမဏ္ဍီများမှာလည်း စိုးရိမ်ကြောင်ကြလျက်ရှိနေကြပေသည်။

ကုမဏီအရာရှိတဦးမှ ပြောပြရာတွင် ယခု၌ပင် ဗီဇာသက်တမ်းတိုးခွင့်ရရန် အချိန်အတော်ကြာနေပြီဖြစ်သဖြင့် ပျဉ်းမနားတွင်ဆိုပါက ပို၍ကြာဘွယ်ရှိသောကြောင့် ၄င်းတို့အဖို့ တရားမဝင်နေထိုင်သူများ အလိုအလျောက်ဖြစ်သွားမည့် အန္တရာယ်ရှိနေသည်ဟု ဆိုသည်။

စစ်အစိုးရမှ မြို့တော် ၂ ခုအကြား သယ်ယူပို့ဆောင်ရေး တိုးတက်ကောင်းမွန်ရန် ကြိုးစားမှု တရပ်အနေဖြင့် ရန်ကုန်မှ ပျဉ်းမနားသို့ အိန္ဒိယမှ အမေရိကန်ဒေါ်လာ ၂၈ သန်းဖြင့် ဝယ်ယူထားသော မီးရထားတွဲများဖြင့် အင်္ဂါနေ့မှစတင်၍ ပြေးဆွဲနေပြီဖြစ်သည်ဟု အစိုးရထုတ် မြန်မာ့အလင်းသတင်းစာ၌ ဖေါ်ပြထားသည်၊ နိုင်ငံခြား သားများအား နောက်နှစ်နှစ်လည်ထိ သွားရောက်ခြင်းကို တားမြစ်ထားမည်ဖြစ်သည်ဟု သတင်းများက ဆိုသည်။

အစိုးရဝန်ထမ်းများမှာ ရွှေ့ပြောင်းရန်အတွက် စစ်သုံးထရပ်ကားများ၊ မီးရထား၊ မော်တော်ယာဉ်များအသုံးပြုခဲ့ကြရပြီး မိသားစုများအား ရန်ကုန်တွင်ထားရစ်ခဲ့ကြရကာ၊ ၄င်းတို့အား တပါတ်လျှင် ၂ကြိမ် မိမိတို့၏ အိမ်သို့ တယ်လီဖုန်း ခေါ်ယူခွင့်ပြုထားသည်ဟု သိရသည်။

မြွေဆိုးများအန္တရာယ်ကြောင့် ရန်ကုန်တွင် ခြေညှပ်ဖိနပ်သာ စီးကြရသော ဝန်ထမ်းများမှာ တန်ဘိုးကြီးသော ရှူးဖိနပ်များ ဝယ်ယူ အသုံးပြုနေရသည်ဟု အရာရှိအချို့၏ ပြောပြချက်အရ သိရသည်။ ထို့အပြင် ရန်ကုန်ရှိ မိသားစု များအား ပြန်လည်ထောက်ပံ့ရသောကြောင့် ကုန်ကျစရိတ် ၂ ဆပိုလာရသည်ဟုဆိုသည်။

အစိုးရ ဌာနအကြီးအကဲတဦး၏ လစာမှာ ၁၅၀၀၀ ကျပ်သာ ရရှိပြီး၊ အနိမ့်ဆုံးဝန်ထမ်းမှာ ကျပ် ၁၀၀၀၀ သာရရှိသော်လည်း ပုဂ္ဂလိက ကုမဏီ တခု၏ ဒရိုင်ဘာ လစာမှာ ကျပ်ငွေ ၁၀၀၀၀ ဟု သိရသည်။

ရန်ကုန်တွင် အချို့မှာ ဘေးပေါက်အလုပ်တခုလုပ်ကြရပြီး၊ အချို့မှာ လာဒ်ငွေများ ရယူခြင်းဖြင့် ရပ်တည်နိုင်ရန် ကြိုးစားခဲ့ကြရသည်။ ယင်းသို့ရရှိသော ဝင်ငွေသည် ၄င်းတို့ရရှိသော လစာငွေထက် အဆမတန်များပြားသည်ဟု သိရသည်။

၄င်းတို့အနေဖြင့် ခွင့်ပြုချက်မရပဲ ရာထူးမှ နှုတ်ထွက်ခွင့်မရပဲ ယခုအချိန်တွင် ခွင့်လည်းမပြုဟု ဆိုသည်၊ နိုင်ငံခြားကုမဏီတခုမှ အလုပ်လက်ခံပြီး ရာထူးမှ ထွက်သွားသော စက်မှုဝန်ကြီး ဌာနမှ အရာရှိတဦးအား အစိုးရမှ လက်တုံ့ပြန်သည့်အနေဖြင့် နိုင်ငံကူးလက်မှတ်ထုတ်မပေးခဲ့ပေ။ အချို့အရာရှိများက ပျဉ်းမနားသို့စေလွှတ်ခြင်းကို ငြင်းပယ်ပါက ဖမ်းဆီးခံရမည်ကို စိုးရိမ်ကြပြီး၊ အချို့မှာ ပင်စင်လစာ ငွေ မရရှိကြတော့မည့်အရေးကို ပူပန်နေကြပေသည်။

ကောလဟာဌများအဆိုအရ ပျဉ်းမနားသို့ ပြောင်းရွှေ့ခံရသော မည်သည့်အရာရှိမဆို ၄င်းတို့လက်ရှိရနေကြသော လစာများ၏ ၅ ဆ ရရှိကြသည်ဟု သိရသည်။

ရုတ်တရက်မြို့တော်ရွှေ့ပြောင်းခြင်းကြောင့် နိုင်ငံခြားကုမဏီအတော်များများ မှာ စိတ်မသက်မသာဖြစ်ကြရပြီး၊ ကုမဏီတခုမှာ ၄င်း၏ ရင်းနှီးမြှုပ်နှံမှုများကို ပြန်လည်ရုပ်သိမ်းသွားသည်ဟု သိရသည်။

"ကျွန်တော်တို့ရဲ့ ခံနိုင်ရည်စွမ်းအားမရှိတော့ဘူး၊ အခုလို ရေရာသေချာမှုမရှိတဲ့နိုင်ငံတနိုင်ငံမှာ စီးပွားရေးဆက်လုပ်ဘို့မဖြစ်နိုင်တော့ဘူး" ဟု မြန်မာပြည်သို့ မကြာသေးမီကမှ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့သူ အရှေ့တောင်အာရှရှိ ကုမဏီတခုမှ အမှုဆောင် ဒါရိုက်တာတဦးမှ နိုင်ငံခြားသံအရာရှိတဦးအား ပြောပြခဲ့သည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာနေထိုင်ခဲ့ဘူးသော နိုင်ငံခြားကုမဏီတခုမှ အရာရှိတဦးမှ ယင်းကဲ့သို့ရွှေ့ပြောင်းမှု

ကြောင့် စစ်အစိုးရ ပြိုလဲသွားကောင်းသွားနိုင်ချေရှိသည်ဟု တွေးတောမိသည်ဟု အောက်ပါအတိုင်း ပြောပြခဲ့သည်။

“မြန်မာလူထုအနေနဲ့ အတော်လေးကို ခံနိုင်ရည်ရှိခဲ့ကြပြီးဖြစ်ပါတယ်၊ ဒါပေမယ့် လုပ်ကိုင်စားသောက်လို့မဖြစ်နိုင်တော့ဘူးဆိုရင်တော့ သူတို့နောက်ထပ်သည်းညီးခံနိုင်ကြတော့မှာ မဟုတ်ပါဘူး၊ အစိုးရက ငွေစက္ကူများကို ဖျက်သိမ်းပြီး ဆန်ဈေးနှုန်းများ တိုးမြှင့်လိုက်တဲ့အခါမှာ ၈၈ အရေးအခင်းဖြစ်ပွားခဲ့ပြီး၊ နောက်ဆုံးမှာ စစ်တပ်က အာဏာသိမ်းသည့်အထိ ဖြစ်ခဲ့ပါတယ်”

နိုင်ငံခြားသတင်းဌာနများမှ ယင်းကဲ့သို့မြို့တော်ရွှေ့ပြောင်းမည်ဆိုသည့် ကောဌဟာဌများကို ပြီးခဲ့သည့် ဂျွန်လမှစတင်၍ ဖေါ်ပြခဲ့ကြပြီး၊ နိုဝင်ဘာ ၇ ရက်နေ့တွင် ဝန်ကြီးဌာန ၃၂ ဌာနစလုံး နှင့် အခြားအစိုးရအဖွဲ့အစည်းများအားလုံး ပျဉ်းမနားသို့ မတ်လတွင် အပြီးရွှေ့ပြောင်းမည်ဟု စစ်အစိုးရမှ တရားဝင်ကြေငြာခဲ့သည်။

လာမည့်နှေဦးတွင် အစိုးရမှ ပြည်တွင်းနှင့်ပြည်ပမှ သတင်းစာဆရာများအား မြို့တော်အသစ်သို့ ခေါ်ယူပြသမည်ဟု ပြန်ကြားရေးဝန်ကြီးဌာနမှ အထက်တန်းအရာရှိတဦးမှ ဆိုသည်။

မြန်မာပြည်တွင် စစ်သား ၄ သိန်းအပါအဝင် အစိုးရဝန်ထမ်း ၁ သန်းမှ ၂ သန်းကြားအထိရှိပြီး၊ အသက် ၅၇ နှင် အထက်ရှိဝန်ထမ်းများ အစိုးရရုံးစိုက်ရာ မြို့တော်အသစ်သို့ ရွှေ့ပြောင်းရန်မလိုဟု သိရသည်။

ပြည်တွင်းကုမဏ္ဍီများမှ ဆောက်လုပ်ရေးလုပ်ငန်းများတာဝန်ယူဆောက်လုပ်ကြမည်ဖြစ်ပြီး၊ လတ်တလောငွေအလုံအလောက်မရှိသဖြင့် ရန်ကုန်ရှိ အစိုးရရုံးဟောင်းများရှိရာ မြေနေရာများကို ငွေအစားပေးသွားမည်ဖြစ်ကါ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအား ကါးများပြည်ပမှတင်သွင်းခွင့်ပြုမည်ဟု သိရသည်။

တရုတ်ကုမဏ္ဍီများမှ ဆက်သွယ်ရေးလုပ်ငန်းများကို တပ်ဆင်ဆောက်လုပ်ခွင့် ကန်ထရိုက်ရပြီး၊ တရုတ်အစိုးရမှ မြို့တော်အသစ်အတွက် ရေးအားလျှပ်စစ်ဓါတ်အားပေးစက်ရုံထခု အကူအညီအဖြစ်တည်ဆောက်ပေးမည်ဖြစ်သည်။

ထင်ကြေးများ အမျိုးမျိုး ပေးနေကြသော်လည်း ရွှေ့ပြောင်းရသည့် အကြောင်းရင်းမှာ ပဟေဠိအဖြစ် ရှိလျက်ပင်ရှိသည်။

အစိုးရ၏ တရားဝင်ရှင်းလင်းချက်အရမူ ပျဉ်းမနားသည် ဗဟိုအချက်အချာတွင်ရှိသောကြောင့် အစိုးရအနေဖြင့် လုပ်ငန်းဆောင်ရွက်မှု ပိုမိုလွယ်ကူချောမွေ့စေရန်အတွက်ဟု သိရသည်။

ပညာရှင်များကမူ လုံခြုံရေးသည် အဓိကအကြောင်းဖြစ်သည်ဟု ယုံကြည်လျက်ရှိသည်။

အဓိကအဆုံးအဖြတ်ချမှတ်နိုင်သည့် နအဖ နှင့် ကါကွယ်ရေးဝန်ကြီးဌာနများကို အခြားဝန်ကြီးဌာနများနှင့် ခွဲထားပြီး တောင်များအကြားတွင် ခံတပ်ကြီးတခုလို ဆောက်လုပ်ထားသည်ဟု သိရသည်။

အမေရိကန်မှ လေယာဉ်တင်သင်္ဘောများအသုံးပြု၍ အီရတ်နှင့် အာဖဂန်နစ်စတန်တို့အား တိုက်ခိုက်ခဲ့သည်ကို တွေ့ရပြီးနောက် ကုန်းတွင်းကျရာသို့ ရွှေ့ပြောင်းခဲ့ခြင်းဖြစ်သည်ဟု လေ့လာသူတဦးက ဆိုသော်လည်း မည်မျှပင် ကုန်းတွင်းပိုင်းသို့ရွှေ့ပြောင်းစေကာမူ အမေရိကန်မှ အလွယ်တကူတိုက်ခိုက်နိုင်မည်သာ ဖြစ်သည်ဟု အခြားသူများက လက်မခံခဲ့ကြပေ။

နအဖ ဥက္ကဌ သန်းရွှေမှ ဝေဒပညာရှင်များ၏ အကြံပေးချက်များကို လိုက်လုပ်နေခြင်းသက်သက်မျှသာ ဖြစ်သည်ဟု ကောဌဟာဌများလည်း ပုံနှံ့လျက် ရှိနေပေသည်။

သတင်းစုံရပ်ကွက်တခု၏ အဆိုအရ ရန်ကုန်ရှိ ရွှေတိဂုံဘုရားကို ပြန်လည်မွမ်းမံပြင်ဆင်ခိုက် ရှေးဟောင်းပေပုရပိုက် တခုတွေ့ရှိခဲ့ပြီး၊ ၄င်းပုရပိုက်ထဲတွင် မြို့တော်ကို တိုင်းပြည်အလယ်ပိုင်းသို့ရွှေ့ပြောင်းပါက မြန်မာပြည်သည် စည်ပင်ဖွံ့ဖြိုးလိမ့်မည်ဟု ရေးသားထားခဲ့ပြီး၊ သန်းရွှေမှ အဘောကျသွားခဲ့သည်ဟု သိရသည်။

သန်းရွှေတဦးသာလျှင် အကြောင်းရင်းမှန်ကို သေချာပေါက်သိမည့်သူသာလျှင် ဖြစ်ပေသည်။